**အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာမူဝါဒအပေါ်**

**ARNO ၏ သဘောထားထုတ်ပြန်ချက်**

ရက်စွဲ ။ ။ ၂၀၂၁ ခုနှစ် ဇွန်လ (၂၀) ရက်

၂၀၂၁ ခုနှစ် ဇွန်လ (၃) ရက်နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) မှ "ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများဆိုင်ရာ မူဝါဒ" ကိုထုတ်ပြန်ခဲ့သည်။ အာရ်ကန်ရိုဟင်ဂျာအမျိုးသားအစည်းအရုံး (ARNO) မှ ရိုဟင်ဂျာလူထုနှင့် အတူ ထိုမူဝါဒထုတ်ပြန်ချက်ကို သတိကြီးစွာဖြင့် ကြိုဆိုခဲ့ကြောင်း တုန့်ပြန်ပါသည်။ ယင်းမူဝါဒသည် မြန်မာပြည်ရှိ ရိုဟင်ဂျာ လူ့အဖွဲ့အစည်းအတွက် ကောင်းမွန်မှန်ကန်သည့် အဖြေတစ်ခုဆီသို့ ဦးတည်သည့် ခြေလှမ်းတစ်ခုပင် ဖြစ်ပေသည်။ ရှေ့လုပ်ငန်းစဉ်များအတွက် အစပိုင်းမှ စ၍ အားလုံးပါဝင်နိုင်ရန် လိုအပ်ပါမည်။ NUG နှင့် ရိုဟင်ဂျာ ကိုယ်စားလှယ်များ တိုက်ရိုက် ပိုမိုတွေ့ဆုံရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့ ARNO နှင့် လုပ်ဖော်ကိုင်ဖက်များက ရိုဟင်ဂျာ ကိုယ်စား လှယ်များနှင့် တွေ့ဆုံရေးတွင် အခန်းကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်ရန် အသင့်ရှိနေပါသည်။

NUG ၏ မူဝါဒနှင့် ပတ်သက်၍ အောက်ပါအချက်များကို အလေးထား၍ တုန့်ပြန်လိုပါသည်။

၁။ လွန်ခဲ့သော ဆယ်စုနှစ်က ရခိုင်ပြည်နယ်ရှိ သိန်းချီသော ရိုဟင်ဂျာများသည် အိုးအိမ်စွန့်ခွာ၍ ထွက်ပြေးခဲ့ ရခြင်း၊ အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေးများ ချိုးဖောက်ခံရခြင်းများကို NUG မှ ရှင်းလင်းစွာ အသိအမှတ် ပြုခြင်းကို ကျွန်ုပ် တို့ ကြိုဆိုပါသည်။ ယနေ့ တပ်မတော်မှ မြန်မာပြည်သူလူထုတစ်ရပ်လုံးအပေါ် ကျူးလွန်သော ဝမ်းနည်း ဖွယ်ရာ ရက်စက်ကြမ်းကြုတ်မှုများသည် ယခင် နှစ်ပေါင်းများစွာကတည်းက ရိုဟင်ဂျာများ တွေ့ကြုံ ခံစားခဲ့ရသော အရာ များပင်ဖြစ်ပါသည်။ NUG မှ စာနာထောက်ထားကြောင်း ဖော်ပြမှုသည် ရိုဟင်ဂျာများနှင့် စစ်မှန်သော ပြန် လည် သင့်မြတ်ရေးအတွက် အထောက်အကူ ဖြစ်စေပါလိမ့်မည်။

၂။ ထိုနည်းတူစွာ စစ်တပ်က ရိုဟင်ဂျာများနှင့် မြန်မာပြည်ရှိ အခြားသော ပြည်သူများအပေါ် ကျူးလွန်ခဲ့သော ရာဇ ဝတ်မှုများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှု ရှိစေရေး NUG မှ တက်ကြွစွာ လုပ်ဆောင်နေမှု အတွက်လည်း ကျွန်ုပ်တို့ ကြိုဆိုပါသည်။ ထိုလုပ်ငန်းစဉ်အတွက် ဘက်ပေါင်းစုံပါဝင်ရန် လိုအပ်ရုံသာမက ဖေဖော်ဝါရီလ (၁) ရက် မတိုင်မီ ဖြစ်စဉ်များကိုပါ ထည့်သွင်းရန်လိုအပ်ပါသည်။ NUG က အနာဂတ် ဒီမိုကရေတစ် ဖယ်ဒရယ် ပြည်ထောင်စု

ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် တရားမျှတရေး၊ ထောက်ပံ့လျော်ကြေးပေးရေးအတွက်ပါ အာမခံသည့်အတွက် ကျွန်ုပ်တို့ ဝမ်းမြောက်ပါသည်။

၃။ ရိုဟင်ဂျာတို့၏ အခြေခံကျသည့် တရားဝင်တောင်းဆိုမှုမှာ မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြုရေးပင် ဖြစ်သည်။ NVC (နိုင်ငံသားစိစစ်ခံရမည့်သူများ ကိုင်ဆောင်သည့်ကတ်ပြား) လုပ်ငန်းစဉ် ဖျက်သိမ်းခြင်း အပါအဝင် ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှု ဥပဒေကို ပယ်ဖျက်မည်ဟူသော NUG ၏ သဘောထားသည် အလွန် အရေးပါသည်။ ၎င်းတို့ကို ရိုဟင်ဂျာများအား မြန်မာနိုင်ငံသားအဖြစ် တရားဝင် အသိအမှတ်ပြုသည့် ဥပဒေဖြင့် အစားထိုး ပြဋ္ဌာန်းပေးရမည်ဖြစ်သည်။

၄။ နောက်ဆုံးအနေနှင့် စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုများကြောင့် ရခိုင်ပြည်နယ်မှ အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးကြရသော ရိုဟင်ဂျာ လူထုကို ဂုဏ်သိက္ခာရှိရှိ၊ လုံခြုံဘေးကင်းစွာ ၊ ဆန္ဒအလျောက် ပြန်လာနိုင်ရေး ဆိုသည့် NUG မူဝါဒကို ကျွန်ုပ်တို့ အပြည့်အဝ ထောက်ခံပါသည်။ တပ်မတော်၏ ဖိနှိပ်မှုကြောင့် ဒုက္ခသည် စခန်းများတွင် ခိုလှုံနေရသော ရိုဟင်ဂျာများနှင့် အခြားမြန်မာပြည်သူများအတွက် NUG ၏ အစီအမံများ၊ မူဝါဒများသည် အလွန်ပင် အရေးပါသည်။

အထက်ပါအချက်များကို အခြေခံ၍ စစ်မှန်သော ထိတွေ့ဆက်ဆံမှုများ လိုအပ်ပြီး၊ ရိုဟင်ဂျာကိုယ်စားလှယ်များလည်း ပါဝင်ရမည်ဖြစ်သည်။ ထိုကဲ့သို့ ချဉ်းကပ်မှုသည် ကျွန်ုပ်တို့ တောင့်တနေသည့် အနာဂတ် ဒီမိုကရက်တစ် မြန်မာနိုင်ငံအတွက် တရားမျှတမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုကို ဖြစ်စေမည်။ NUG ကို ကျွန်ုပ်တို့ အထူး တိုက်တွန်းလိုသည်မှာ -

၁။ အလုံးစုံ တာဝန်ခံမှု လုပ်ငန်းစဉ်ကို အထူးအာရုံစိုက်ပြီး ပြင်ဆင်ရမည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) က မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများနှင့် အခြားအသိုင်းအဝိုင်းများအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို တရားမျှတစွာ ဆုံးဖြတ်နိုင်ရေးအတွက် NUG မှ လုပ်ငန်းစဉ်များ စတင်နိုင်ရန် လိုအပ်သည်များ ပြင်ဆင်ရပါမည်။ NUG အတွက် အရေးကြီးသည်မှာ ရိုဟင်ဂျာများအပေါ် အတိတ်က ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို အသိအမှတ်ပြုခြင်း၊ တရားမျှတမှုရရှိအောင် ဖော်ဆောင်ပေးခြင်း၊ နောက်နောင်ထိုသို့ မဖြစ်စေရေးအတွက် အာမခံပေးခြင်းတို့သည် စစ်မှန်သည့် တရားမျှတမှု ဖော်ဆောင်ရေးတွင် အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။

၂။ ကုလသမဂ္ဂ အချက်အလက် ရှာဖွေရေး မစ်ရှင် (IIFFMM) ၏ တွေ့ရှိချက်များနှင့် အကြံပြုချက်များကို လက်ခံ ရမည် ဖြစ်သည်။ ကုလသမဂ္ဂအချက်အလက်ရှာဖွေရေးမစ်ရှင်မှ တင်ပြသည့်အတိုင်း ရိုဟင်ဂျာများအပေါ် လူမျိုးတုန်းသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုကို လက်ခံရမည်ဖြစ်သည်။

၃။ လူ့အခွင့်အရေး ကြေညာစာတမ်းအတိုင်း ရိုဟင်ဂျာများကို အခိုင်အမာ ကာကွယ်စောင့်ရှောက်၍ ၎င်းတို့သည် ရခိုင်ပြည်နယ်/အာရ်ကန်၏ ဒေသခံနှင့် မြန်မာနိုင်ငံ တိုင်းရင်းသားဖြစ်မှုကို အလေးအနက် လက်ခံရမည်ဖြစ်သည်။ ရိုဟင်ဂျာများသည် အခြားတိုင်းရင်းသားများနည်းတူ အခွင့်အရေးနှင့် ရပိုင်ခွင့်များရှိသည်။ တိုင်းရင်းသားများ မွေး

ရာပါအခွင့်အရေးကို အနာဂတ် မြန်မာနိုင်ငံတွင် ထည့်သွင်းရမည် ဖြစ်ရာ ဖက်ဒရယ် ပဋိညာဉ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်တို့တွင် ထည့်သွင်းရန် NUG မှ သဘောထား ရှိရ ပါမည်။

ဤအရာတို့သည် ရှုပ်ထွေးလှသောကြောင့် တရားမျှတစွာ ဖြေရှင်းရန် နေ့ချင်းညချင်း ဖြစ်ပေါ်လာနိုင်စရာ မရှိသည်ကို ကျွန်ုပ်တို့ သဘောပေါက်ပါသည်။ ကျွန်ုပ်တို့သည် ထိုလုပ်ငန်းစဉ်တွင် လွတ်လပ်သော၊ တရား မျှတသော၊ အနာဂတ် ဒီမိုကရေစီမြန်မာနိုင်ငံအတွက် တတ်နိုင်သမျှနည်းလမ်းများဖြင့် NUG နှင့် စစ်အာဏာရှင် စနစ် ဆန့်ကျင်သော နွေဦးတော်လှန်ရေး အင်အားစုများနှင့် လက်တွဲ ပူးပေါင်းလုပ်ကိုင်ရန် အသင့် ရှိပါသည်။

**ဆက်သွယ်ရန်-**


ဒေါက်တာ ဟာဘီဘူလ္လာ ၊ ( WhatsApp - ၀၁ ၄၄ ၃၈ ၁၅၈၆ ၀၉ )

Email: info@rohingya.org
www.rohingya.org